# ဆေးကုသမှုအာမခံ၊ မတော်တဆထိခိုက်ပျက်စီးမှုများဆိုင်ရာအာမခံ

## ဆေးကုသမှုအာမခံ

ဂျပန်နိုင်ငံတွင် ဆေးကုသစရိတ်၏ ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည့် ဆေးကုသမှု အာမခံစနစ် ရှိသည်။ ဂျပန်နိုင်ငံတွင် 3 လ နှင့် အထက်

နေထိုင်သည့် နိုင်ငံခြားသားများသည် "အမျိုးသားကျန်းမာရေးအာမခံ" (ခိုခုဟို) သို့ ဝင်ရမည်ဖြစ်သည်။

### ■ အာမခံထားရန်

သင်နေထိုင်သည့်မြို့နယ်၏ မြူနီစီပယ်ရုံးတွင် လျှောက်ထားရမည်။

### ■ အာမခံကြေး

ယေဘုယျအားဖြင့် နှစ်စဉ် ယန်း ၂ သောင်းခန့် ပေးသွင်းရမည့် မြို့နယ်အလိုက်နှင့် သင့်ဝင်ငွေပေါ်မူတည်၍ အာမခံကြေး အနည်းအများရှိသည်။ ကျောင်းသားများအတွက် အာမခံကြေးလျှော့ပေါ့ပေးခြင်းနှင့် ထောက်ပံ့ကြေးပေးခြင်းများ ဆောင်ရွက်နေသည့် မြို့နယ်လည်းရှိသောကြောင့် စုံစမ်းပါ။

### ■ အာမခံအကာအကွယ်များ

ဒဏ်ရာရ၊ နာမကျန်းဖြစ်ပြီး ဆေးကုသမှုခံယူသည့်အခါ အာမခံကဒ်ထုတ်ပြပါက ဆေးကုသစရိတ်၏ ၇၀% ကို အမျိုးသားကျန်းမာရေးအာမခံက ကျခံသောကြောင့် ဆေးကုသစရိတ်၏ ၃၀% ကိုသာ ပေးချေရမည်။ သို့သော်လည်း အာမခံက အကာအကွယ်မပေးသည့် ဆေးကုသမှုအတွက် ကုန်ကျစရိတ်အားလုံးကို ကျခံရမည်။

## မတော်တဆထိခိုက်ပျက်စီးမှုများဆိုင်ရာအာမခံ

အမျိုးသားရေးကျန်းမာရေးအာမခံက အကာအကွယ်မပေးနိုင်သည့် မတော်တဆထိခိုက်မှုအား အကာအကွယ်ပေးသည့် အာမခံ အမျိုးအစားများတွင် မတော်တဆထိခိုက်မှုအာမခံနှင့် ပေးလျော်ရန် တာဝန်ရှိမှု အာမခံရှိသည်။ နိုင်ငံခြားကျောင်းသားများလည်း အာမခံ ထားနိုင်သည်။

ဥပမာ အောက်ပါအခြေအနေမျိုးတွင် အာမခံငွေ ရရှိသည်။

- လဲကျပြီး အရိုးကျိုးသွားသောကြောင့် ဆေးရုံတင်လိုက်ရသည်။
- စက်ဘီးစီးနေသည့်အခါ လမ်းလျှောက်နေသူနှင့် တိုက်မိပြီး တစ်ဖက်လူသည် ဒဏ်ရာ ရသောကြောင့် ဆေးကုသမှုစရိတ်ကို ပေးလျော်ရသည်။
- အိမ်တွင်လူမရှိသည့်အချိန်အခန်းတွင် ထားထားသော ကွန်ပျူတာနှင့် ကင်မရာကို အခိုးခံရသည်။

အာမခံအမျိုးအစားအမျိုးမျိုးကို ကျောင်းတွင် မိတ်ဆက်ပေးထားလေ့ရှိသောကြောင့် စုံစမ်းနိုင်သည်။ ထို့အပြင် ဂျပန်တက္ကသိုလ် ၉၆% က ပါဝင်နေသော Japan Educational Exchanges and Services ၏ Personal accident insurance for students pursuing education and research ဟုခေါ်သည့် စနစ်လည်း ရှိပါသည်။ ထို့အပြင် လျော်ကြေးပေးသော Inbound futai-gakuso ဟုခေါ်သည့် စနစ်လည်း ရှိပါသည်။

(i) http://www.jees.or.jp/gakkensai/

အကယ်၍ တက္ကသိုလ်တက်ရောက်နေသူဖြစ်ပါက University Co-operatives Mutual Aid federation ဟူသော အာမခံ အမျိုးအစားကိုလည်း ထားနိုင်ပါသည်။

(i) http://kyosai.univcoop.or.jp/english/index.html

(i) http://kyosai.univcoop.or.jp/english/index.html